# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ်(၄၁၂/၂၀၂၂)**

**၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်**

**(၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်)**

## သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုအတွက် အခွန်နှုန်းနှင့် ကြမ်းခင်းဈေးနှုန်းများ သတ်မှတ်ခြင်း

၁။ ၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏(၆/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သစ်တောဦးစီးဌာန၏ နိုင်ငံပိုင်ကဏ္ဍမှကျွန်းနှင့်သစ်မာထုတ်လုပ်မှုအပေါ်ကောက်ခံမည့်အခွန်နှုန်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ အပြောင်းရှင်းသစ်ထုတ်လုပ်မှုမှထွက်ရှိသည့်သစ်များနှင့်ပုံစံ(ဂ)သစ်များအတွက် ကောက်ခံမည့် ကြမ်းခင်းဈေးနှုန်းများအား ခေတ်နှင့်လျော်ညီသော နှုန်းထားအဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြောင်းကြေညာလိုက်သည်-

**(က) နိုင်ငံပိုင်ကဏ္ဍမှ ကျွန်းနှင့်သစ်မာထုတ်လုပ်မှုအပေါ် ကောက်ခံမည့် အခွန်နှုန်း**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | အခွန်နှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | ကျွန်း | တန် | ၇၅,၀၀၀ |
| ၂။ | သစ်မာအုပ်စု(၁) | | |
| | (ကက) ပိတောက်/တမလန်း | တန် | ၇၅,၀၀၀ |
| | ( ခခ ) ပိတောက်/တမလန်း မှအပ | တန် | ၅၀,၀၀၀ |
| ၃။ | သစ်မာအုပ်စု(၂) | တန် | ၂၅,၀၀၀ |
| ၄။ | သစ်မာအုပ်စု(၃၊ ၄၊ ၅) | တန် | ၁၅,၀၀၀ |
| ၅။ | ကျွန်းတိုင် | လုံး | ၂,၀၀၀ |
| ၆။ | သစ်မာတိုင် | လုံး | ၁,၂၅၀ |
| ၇။ | မျော (၁၀၀) | လုံး | ၂,၅၀၀ |

(ခ) မြေလွတ် ၊ မြေလပ် ၊ မြေရိုင်း ၊ အပြောင်းရှင်းသစ်ထုတ်လုပ်မှုမှ ထွက်ရှိသည့် သစ်များ ၊ ပုံစံ(ဈ)သစ်များအတွက် ကောက်ခံမည့် ကြမ်းခင်းဈေးနှုန်း

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ကြမ်းခင်းဈေးနှုန်း (ကျပ်) |
|---|---|---|---|
| ၁။ | (ကက) ကျွန်း (သစ်လုံး) | တန် | ၃၃၀,၀၀၀ |
| | ( ခခ ) ကျွန်း (ခွဲသား) | တန် | ၆၆၀,၀၀၀ |
| ၂။ | သစ်မာအုပ်စု(၁)သစ်လုံး | | |
| | (ကက) ပိတောက်/တမလန်း | တန် | ၃၃၀,၀၀၀ |
| | ( ခ ခ ) ပိတောက်/တမလန်းမှအပ | တန် | ၂၅၀,၀၀၀ |
| | သစ်မာအုပ်စု(၁)ခွဲသား | | |
| | (ကက) ပိတောက်/တမလန်း | တန် | ၆၆၀,၀၀၀ |
| | ( ခ ခ ) ပိတောက်/ တမလန်းမှအပ | တန် | ၅၀၀,၀၀၀ |

၂။ အပိုဒ်(၁)ပါ သတ်မှတ်သည့် အခွန်နှုန်း နှင့် ကြမ်းခင်းဈေးနှုန်းများအား **၂၀၂၂ ခုနှစ်** ၊ **မေလ ၂၀ ရက်နေ့**မှ စတင်ကောက်ခံမည်ဖြစ်ပါသည်။

၃။ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂.၈.၂၀၁၇ ရက်စွဲပါစာအမှတ် ၊ လင/အခ/၀၀၇၈(၉၇၃၆/၂၀၁၇) ဖြင့် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၊ (၆၇၃/၂၀၁၇)(၂.၈.၂၀၁၇) ပါ နိုင်ငံပိုင်ကဏ္ဍမှ ကျွန်းနှင့်သစ်မာထုတ်လုပ်မှုအပေါ် ကောက်ခံမည့် အခွန်နှုန်းနှင့် မြေလွတ်၊ မြေလပ် ၊ မြေရိုင်း ၊ အပြောင်းရှင်းသစ်ထုတ်လုပ်မှုမှ ထွက်ရှိသည့် သစ်များ ၊ ပုံစံ(ဈ)သစ်များအနက် ကျွန်း (သစ်လုံး/ခွဲသား) သစ်မာအုပ်စု(၁) (သစ်လုံး/ခွဲသား) များအတွက် ကောက်ခံမည့် ကြမ်းခင်းဈေးနှုန်းအား ဤအမိန့်ကြော်ငြာစာပါ ပြင်ဆင်သတ်မှတ်သည့် အခွန်နှုန်းနှင့် ကြမ်းခင်းဈေးနှုန်းများအတိုင်း ကောက်ခံသွားရန်ဖြစ်ပါသည်။

ဌေးအောင်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

စာအမှတ် ၊ လင/အခ/၀၀၇၈( ၄၈၈၃ /၂၀၂၂)
ရက် စွဲ ၊ ၂၀၂၂ ခုနှစ် ၊ မေလ ၁၉ ရက်

လျှို့ဝှက်



**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့သစ်လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ၊ မြေတိုင်းဦးစီးဌာန

ပါမောက္ခချုပ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်

နေပြည်တော်/ညွှန်ကြားရေးမှူး ၊ ............................ သစ်တောဦးစီးဌာန

ကျောင်းအုပ်ကြီး ၊ မြန်မာနိုင်ငံသစ်တောကျောင်း

ကျောင်းအုပ်ကြီး ၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန

ညွှန်ကြားရေးမှူးချုပ် ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ( မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်)

အမိန့်အရ

၂၉.၅.၂၀၂၂

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

{ ခင်မောင်ထွေး-၁ ၊ ညွှန်ကြားရေးမှူး (သဘာဝတော/စိုက်ခင်း) }

လျှို့ဝှက်